လေးစားအပ်ပါသော စိတ်ပိုင်းဆိုင်ရာပညာရှင်သို့၊

ကျွန်ုပ်အနေနှင့်အငယ်ဆုံးကလေးအတွက်စိုးရိမ်မိပါသည်။ ၄င်းသည်အလွန်ငြိမ်သက်လွန်းပြီးအလွယ်တကူလန့်တတ်သည်။၄င်းငယ်စဉ်၊ကျွန်ုပ်တို့၏နိုင်ငံတွင်နေထိုင်စဉ်အခါက ကျွန်ုပ်တို့၏အသက်တာမှာအလွန်အသုံးမဝင်ပဲဆင်းရဲခဲ့သည်။ ကလေးများစွာကိုတယောက်ပြီးတယောက်မွေးဖွားခဲ့ပြီး၊ ဤနောက်ဆုံးကလေးကိုရရှိသည့်အခါကျွန်ုပ်၏မိခင်အနေနှင့်၄င်းကိုလုံးဝတာဝန်ယူကြည့်ရှုခဲ့သည်။ မိမိကိုယ်တိုင်မှာ၊ အဆက်မပြတ်ဖျားနာပြီးအခန်းထောင့်တနေရာ၌သာလဲလျောင်းနေခဲ့သည်။ အစားအစာအနေနှင့်လည်းအမြဲတမ်းမရှိပဲ၊ကျွန်ုပ်အနေနှင့်ကလေးကိုနို့မတိုက်နိုင်ခဲ့ပါ။ ဘုရားသခင်၏မစမှုအားဖြင့်မိမိတို့၏နိုင်ငံမှထွက်ခွါခွင့်ရခဲ့သည်။ အရှက်ကွဲမှုများစွာရှိခဲ့သော်လည်းနောက်ဆုံးတွင်ဖင်လန်နိုင်ငံသို့လာရောက်ရန်အတွက်ရွေးချယ်ခြင်းခံခဲ့ရသည်။ ခင်ပွန်းသယ်ကိုစစ်သားများသည်ကျွန်ုပ်တို့၏မျက်စိရှေ့တွင်ပစ်သတ်ခဲ့သည်။ ဤအဖြစ်ကိုအငယ်ဆုံး ကလေးသည်လူမမယ်အဖြစ်မြင်တွေ့ခဲ့သည်။ထို့ကြောင့်၄င်းသည်ယခုအခါအလွန်ငြိမ်သက်လျက်ရှိသည်မှာသေချာသည်။ ယခုအခါ၊ကျွန်ုပ်၏ကလေးသည်၊ညစဉ်ဂဏာမငြိမ်ဖြစ်စေသောအိပ်မက်များမြင်မက်ခြင်းနှင့်အခြားကလေးများနှင့်အမြဲတမ်းကစားရန်မတတ်နိုင်ပေ။ကျွန်ုပ်၏ကလေးဤကဲ့သို့သောအခက်အခဲများနှင့်ကြုံတွေ့နေရခြင်းမှာကျွန်ုပ်တို့တိုင်းပြည်၏အစိုးရအနေနှင့်တာဝန်ရှိကြောင်းကျွန်ုပ်အနေနှင့်သိပါသည်။ သို့သော်ကလေးကိုမည်ကဲ့သို့ ကူညီရပါမည်နည်း။ ဤကိစ္စအားလုံးနှင့်ပတ်သက်ပြီးမည်သူ့တွင်တာဝန်ရှိပါသနည်း။ကလေးကိုကြည့်ရှုစောင့်ရှောက်သည့်ကျွန်ုပ်၏မိခင်သည်ဒုက္ခသည်စခန်းတွင်ကွယ်လွန်ခဲ့သည်။၄င်းအနေနှင့်လည်းအသက်အိုမင်းခဲ့ပြီဖြစ်သောကြောင့်ကလေးနှင့်ပတ်သက်ပြီးမည်သို့မျှမကူညီနိုင်တော့ပါ။သူမကို၊ကလေးများအနေနှင့်နေ့တိုင်းသတိရလွမ်းဆွေးမှုရှိကြပြီး၊အငယ်ဆုံးအနေနှင့်လည်းကောင်းစွာမှတ်မိသည်။ ကလေးများအနေနှင့်ဝမ်းမနည်းစေရန်အတွက်၊ အတိတ်မှအကြောင်းများကိုမပြောမိအောင်ကြိုးစားသည်။ တခါတရံဓါတ်ပုံများကိုဖွက်ထားသည်။အကြောင်းမထူးပါ။ အကယ်၍သာကျွန်ုပ်၏အကို/ မောင်၊သာဖင်လန်နိုင်ငံသို့လာခွင့်ရပါကကျွန်ုပ်တို့အတွက်အထောက်အကူဖြစ်စေပြီး၄င်းအနေနှင့်ကျွန်ုပ်တို့ကိုအကူအညီပြုနိုင်သည်။ သို့သော်၊ ဖင်လန်နိုင်ငံအစိုးရအနေနှင့်၄င်းကိုလာခွင့်မပြုသောကြောင့်ကျွန်ုပ်တို့အနေနှင့်အကြီးအကျယ်စိတ်ထိခိုက်ခဲ့ရပါသည်။ ကျွန်ုပ်တို့ကိုအဘယ်ကြောင့်ချက်ခြင်းမပြောပါသလဲ။ဤနိုင်ငံတွင်ကျွန်ုပ်ကလေး၏ရှေ့ရေးကောင်းစားရန်အတွက်လိုလားပါသော်လည်း၄င်းအနေနှင့်ကျောင်းစာများကိုအာရုံစိုက်ပြီးအမြဲတမ်းမလုပ်နိုင်ပါ။ ဖင်လန်နိုင်ငံမှ၄င်းအားပေးသည့်အခွင့်အရေးများကို၄င်းအနေနှင့်မသုံးတတ်သည့်အတွက်စိုးရိမ်မိပါသည်။

နံမည်အမှတ်အသား၊ ဝမ်းနည်းပူဆွေးနေသည့်မိခင်။

မေးသူသို့ ရှင့်၊

ကလေး၏အသက်ကိုမဖေါ်ပြထားသော်လည်းကျောင်းကိစ္စများကိုပြောထားသောကြောင့်ကျောင်းသားအရွယ်၊ မိန်းခလေး(သို့မဟုတ်)ယောက်ျားလေးဟုယူဆလိုက်ပါသည်။ ကြည့်ရသည်မှာသင်၏အငယ်ဆုံးကလေးသာမက၊ အခြားက လေးများအနေနှင့်လည်း၄င်းတို့ခံနိုင်ရည်ကိုစမ်းသပ်သကဲ့သို့၊အခက်အခဲပေါင်းများစွာနှင့်ကြုံတွေ့ခဲ့ရပုံရသည်။ သင်ဖေါ်ပြသည့်အတိုင်းဆိုပါက၊အငယ်ဆုံးကလေးမွေးပြီးအချိန်မှစ၍သင်တို့၌အစားအသောက်ချို့ယွင်းခဲ့သည်။ သင့်အနေနှင့်ကလေးကိုမပြုစုနိုင်ခဲ့ပေ။ အခြားသူများနှင့်အတူစိတ်ခြောက်ချားဖွယ်

ရာကိစ္စများကိုတွေ့ကြုံခံစားခဲ့ရပြီးနောက်ဆုံးတွင်၄င်းကိုပြုစုသည့်အဖွားနှင့်ခွဲခွါရခြင်းသည်ကိုကြုံတွေ့ခဲ့ရသည်။အဖွားကိုသတိရတတ်သည်ဟုဆိုသောကြောင့်ခန့်မှန်းခြေအရကလေးသည် ၂ နှစ်ခန့်မျှရှိမည်ဖြစ်သည်။ ကလေး အနေနှင့်စိတ်ဓါတ်ကျခြင်းနှင့်ဝမ်းနည်းစိတ်များလွှမ်းမိုးနေခြင်းသည်ဘာမျှဆန်းသည်ဟုမဆိုနိုင်။ အားလုံးကိုခြုံကြည့်မည်ဆိုပါက၊၄င်း၏အသက်တာတလျှောက်လုံးတွင်အလွန်ငြိမ်သက်မှုမရှိခြင်း၊ ဆုံးရှုံးမှုများနှင့်ရင်ဆိုင်ရခြင်းနှင့်တကွ တနေ ရာမှတနေရာသို့ရွှေ့ပြောင်းခဲ့ရခြင်းများစွာရှိခဲ့သည်။ သင်၏ခင်ပွန်းပစ်သတ်ခံရခြင်းနှင့်တကွ၄င်းကိစ္စနှင့်ဆက်နွယ်နေသည့်အခြားအခြေအနေများသည်သင့်ကလေး၏စိတ်ထဲတွင်နက်နဲစွာ ခြောက်ခြားမှုကိုဖြစ်ပေါ်လာစေခြင်းဖြစ်ကောင်းဖြစ်လိမ့်မည်ဟုစဉ်းစားနိုင်သည်။ ဤကဲ့ သို့ သောပြင်းထန်သည့်အတွေ့အကြုံများ ကြောင့်လည်းသင်၏ကလေးတွင်စိတ်ဓါတ်ကျခြင်း နှင့်အိပ်မက် ဆိုးများမြင်မက်ခြင်းတို့ဖြစ်လာရခြင်းဖြစ် သည်။ယခု၊ ၄င်းအနေနှင့်ဖင်လန်နိုင်ငံတွင်နေထိုင်ရခြင်းနှင့်တကွ၊ ကျောင်းတက်သည့်ကိစ္စများတွင်နေသား တကျ ဖြစ်ရန်ပြုလုပ်ရသည့်ဖိအားကြောင့်ဖြစ်ပေါ်လာသည့် စိတ်အနှောက်အယှက်မှာလျော့သွားခြင်းမရှိပါက လည်းပြသနာဖြစ်လာနိုင်ခြေရှိသည်။ အသစ်ဖြစ်ပြီးဆန်းကျယ်သောပတ်ဝန်းကျင်ရှိအခြေအနေများသည်အစကနဦးတွင်၄င်းအတွက်အလွန်ကြောက်လန့်စရာအဖြစ်ခံစား စရာဖြစ်ကောင်းဖြစ်နိုင်ဖွယ်ရှိသည်။ထိုမျှသာမက၊အခြားသူများနှင့်အဆက်အသွယ်ပြုရန်အခက်အခဲ ရှိသောကြောင့်အထီးကျန်ဖြစ်ရခြင်းသည်သင်၏ကလေးအတွက်ဖိစီးမှုဖြစ်သည်။

ကလေးများနှင့်အတူတကွ၊အသိအကျွမ်းများ၊ရင်းနှီးချစ်ခင်သူများအကြောင်းသတိရခြင်း၊ပြောဆိုခြင်းကိုသင့်အနေ နှင့်ပြုလုပ်ရန်မှာအရေးကြီးသည်။ ဤကဲ့သို့ပြုလုပ်ခြင်းဖြင့်လည်းအတိတ်ကဖြစ်ပျက်ခဲ့သည့်ဝမ်းနည်းစရာကောင်းသည့်ဆုံးရှုံးမှုများကိုတဖြေးဖြေးကူညီရာရောက်သည်။ ဓါတ်ပုံများကိုဖွက်ထားမည့်အစား၊ ကလေးများ မြင်နိုင်သည့်နေရာ (သို့မဟုတ်) အနည်းဆုံးလက်လှမ်းမှီနိုင်သည့်နေရာတွင်ထားရန်အရေးကြီးသည်။ ကလေး များနှင့်အတူတကွအတိတ်မှဖြစ်ရပ်များကိုသတိတရတမ်းတခြင်းသည်ကလေးများအတွက်ဒုက္ခပေးရာမရောက်ပဲ၄င်းတို့၏စိတ်ဓါတ်ရေးရာအတွက်များစွာအထောက်အကူဖြစ်စေသည်။ဖြစ်ပျက်ခဲ့သည့်အကြောင်းအရာများ၊မကောင်းသည့်အရာများကိုပင်ကလေးများနှင့်ပြောပါ၊သတိရကြပါ။ အကယ်၍ဖြစ်ပျက်ခဲ့သည့် အကြောင်း အ ရာများတို့ကို ၄င်းတို့အနေနှင့်ပြောဆိုနိုင်သည့်လူကြီးများမရှိပါက၊ထိုအကြောင်းအရာများတို့ကိုမိမိတို့၏ထင်မြင်ချက်အတိုင်းပုံသဏ္ဍာန်ဖေါ်ပြီးမှားယွင်းသောရှင်းလင်းချက်များကိုလည်းဖေါ်ထုတ်ကြမည်ဖြစ်သည်။ ဥပမာအားဖြင့်၊မိသားစုကြုံတွေ့ခဲ့ရသည့်မတော်တဆထိခိုက်မှု (သို့မဟုတ်) မည်သည့်ပုံသဏ္ဍာန် မမှန်သည့်အတိတ် တွင်ဖြစ်ပျက်ခဲ့သည့်အရာများ၏ရှင်းလင်းချက်များကိုကလေးအနေနှင့်၊ ၄င်း၏ရင်ထဲတွင်သယ်ဆောင်ထား တတ်သည်။

မိမိ၏စိတ်ဓါတ်ကျန်းမာရေးအတွက်ဂရုစိုက်ရန်မှာလည်းအရေးကြီးသည်။ အောက်တွင်ရေးထိုးထားသည့် အမည်ကိုအခြေခံခြင်းအားဖြင့်၊သင့်အနေနှင့်ဝမ်းနည်းပူဆွေးမှုကိုခံစားနေရပြီး၊တရားမျှတမှုမရှိသောအတွေ့အကြုံများအတွက်အထူးပြင်းထန်စွာခံစားနေရပုံပေါ်သည်။အကယ်၍စိတ်ဓါတ်ကျနေခြင်းသည်မည်သည့်အခြေအနေမျိုးတွင်မှသက်သာလာခြင်းမရှိပဲ၊စိတ်ဓါတ်ရေးရာအားဖြင့်လည်းမကျန်းမမာဖြစ်သည်ဟုခံစားရပါက၊ နောက်တကြိမ်ဆရာဝန်နှင့်တွေ့ပါက ဤကိစ္စ များကိုပြောပြပါ။ဤကိစ္စနှင့်ပတ်သက်ပြီးကုသရန်(သို့မဟုတ်)အကူအအညီတမျိုးမျိုးလိုအပ်ပါက၄င်းနှင့်အတူတကွဆုံးဖြတ်နိုင်ကြပါသည်။ အကယ်၍သင့်အနေနှင့်မိသားစု၊ ကလေးများအတွက်လုပ်ကိုင်ပေးရန်နှင့်ပတ်သက်ပြီးမတတ်နိုင်သည့်ပြသနာရှိပါက၊ ဤကိစ္စနှင့်ပတ်သက်ပြီး လူမှုဖူလုံရေးဝန်ထမ်း(ဆိုရှယ်)ကိုလည်းပြောပြသင့်သည်။သင်၏အခြေအနေမျိုးတွင်ရှိနေသည့်မိခင်မျိုးကို

လက် တွေ့ အကူအညီပေးပြီးအ ထောက်အကူပြုရန်မှာ၄င်းတို့၏အလုပ်ဖြစ်သည်။သင်၏အကို/မောင်၊ ကိုဖင်လန်နိုင်ငံသို့ ခေါ်ယူရန်ဥပဒေအနေနှင့် ခွင့်မပြုလျှင်၊ ၄င်းတို့အနေနှင့်လည်းမတတ်နိုင်ပေ။ သို့သော်၊ အခြားပေးထားသည့်အကူအညီမှန်သမျှအားလုံး ကိုသုံး ပါ။ သင့်အနေနှင့်နေကောင်းကျန်းမာသည်ဆိုလျှင်၊ ကလေး များ အတွက် လည်းလက်ဆောင်တခုဖြစ်သည်။

ကျောင်းတက်ခြင်းနှင့်တကွတိုးတက်အောင်မြင်မှုနှင့်ပတ်သက်ပြီးကလေးအပေါ်တွင်လွန်ကဲပြင်းထန်သောတောင်းဆိုမှုများကိုမထားပါနှင့်။၄င်းတို့ကြုံတွေ့နေရသည့်အခြေအနေမျိုးကိုစဉ်းစားမည်ဆိုပါကမတရားရာကျသည်။၄င်းတို့အနေနှင့်အတတ်နိုင်ဆုံးကြိုးစားရန်အတွက်အထောက်အကူပြုပေးပါ။အကယ်၍၊သင့်အနေနှင့်ကလေးများကိုမကူညီနိုင်သည့်အရာများ၊ ဥပမာအားဖြင့်အိမ်စာလုပ်ခြင်းနှင့်ပတ်သက်သည်ဆိုပါက၊ ကျွန်ုပ်တို့၏မြို့နယ်တွင်အိမ်စာလုပ်ခြင်းနှင့်ပတ်သက်ပြီးအခက်အခဲရှိပါကအမြဲတမ်းအကူအညီတောင်းခံနိုင်သည့်အိမ်စာများကိုကူညီပြုလုပ်ဆောင်ရွက်ပေးသည့်အသင်းအဖွဲ့ကလပ်များရှိသည်။ သတိပြုရမည်မှာ၊ လွန်ကဲသောဖိအားရှိနေပါကကျောင်းတက်ချင်သည့်စိတ်လုံးဝမရှိတော့သည့်အပြင်၊ စာသင်ကြားမှုတွင်လည်းအနှောက်အယှက်ဖြစ်စေသည်။ယေဘုယျ အားဖြင့်၊ နိုင်ငံပြောင်းရွှေ့လာသည့်မိဘအများစု၏အနာဂါတ်အတွက်မျှော်လင့်ချက်သည်၄င်းတို့၏ကလေးများ၏အောင်မြင်မှုအပေါ်တွင်လုံးဝအားထားကြသည်။ တနည်းအားဖြင့်၊ ကလေးများကိုစိတ်ဓါတ်အားဖြင့်အကြမ်းဖက်သကဲ့သို့ဖြစ်ပြီး၊အကောင်းဆုံးဖြစ်ရန်အတွက်ရည်ရွယ်ထားသောကြောင့်ကလေးများအနေနှင့်တချိန်လုံးအကောင်းဆုံးအမှတ်များရရန်သာအဓိကထားနေရသောကြောင့်ကလေးထံမှနေ၍ကလေးအဖြစ်ခံစားထိုက်သည့်ဘဝ၏ပျော်ရွှင်မှုကိုယူပစ်လိုက်သကဲ့သို့ဖြစ်သည်။ အားလပ်သည့်အချိန်များတွင်လည်းကလေးများကြိုက်နှစ်သက်သည့်၊ စိတ်ဖိစီးမှုမဖြစ်စေသည်သာမကလွန်ကဲစွာ မောပန်းခြင်းမဖြစ်စေသည့်အားကစားမျိုးကိုရှာဖွေပေးနိုင်လျှင်ကောင်းမည်။ကျွန်ုပ်အနေနှင့်အထက်တွင်ဖေါ်ပြခဲ့သည့်အတိုင်း၊ကျွမ်းကျင်မှုရှိသည့်သင်နှင့်ပတ်သက်သောဆရာဝန်နှင့်တကွလူမှုဖူလုံရေးဝန်ထမ်းများကိုပြောပြခြင်းအားဖြင့်သာမက၊အခြားအကြံပြုထားသည့်အရာများကိုစတင်ပြုလုပ်ခြင်းအားဖြင့်အခြေအနေများပြောင်းလဲလာမည်ဟုကျွန်ုပ်ယုံ ကြည်ပါသည်။ သင့်ကလေးအငယ်ဆုံး၏အခြေအနေကိုတိတိကျကျစစ်ဆေးရန်လိုပါက၊ ဆရာဝန်အနေ နှင့် မိသားစုများအတွက်အကြံပေးသည့်ဌါနကိုသွားနိုင်ရန်စာရွက်ရေးပေးနိုင်သည်။

စီး(ရ်)ကူ၊ စွိ(က်)ကာနယ်(န်)
စိတ်ပိုင်းဆိုင်ရာပညာရှင်